**ယမန်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံ လွှတ်တော်အမတ်များအပေါ် ခြိမ်းခြောက်မှု အလွန်အမင်းတိုးများလာကြောင်း အစီရင်ခံစာတွင်ဖော်ပြ။**

မြန်မာနိုင်ငံအတွင်း အာဏာသိမ်းမှုကြောင့်သာမက အခြားသောအာဆီယံဒေသတွင်း ပြဿနာများသည့် ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ယမန်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံ ဥပဒေပြုလွှတ်တော်အမတ်များအပေါ် ခြိမ်းခြောက်မှုနှင့်နှောက်ယှက်မှု အလွန်တိုးများလာကြောင်း ASEAN Parliamentarians for Human Rights (APHR) ၏အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

အရှေ့တောင်အာရှတွင် ဖမ်းဆီးထိန်းသိမ်းခံရသော လွှတ်တော်အမတ်များအရေအတွက် အလွန်အမင်းတိုးများလာခဲ့ပြီး ၂၀၂၀ ခုနှစ်အတွင်း (၁) ဦးသာရှိရာမှ ၂၀၂၁ ခုနှစ်တွင် (၉၁) ဦးအထိရှိခဲ့ကြောင်း APHR ၏ *လွှတ်တော်အမတ်များအန္တရာယ်တွင်းကျရောက်နေခြင်း - ၂၀၂၁ ခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများရှိ အတိုက်အခံအမတ်များ လက်တုန့်ပြန်မှုနှင့်ကြုံရခြင်း* အမည်ရှိ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။ ယခုကဲ့သို့ ရုတ်တရက် အလွန်တိုးများလာရခြင်းမှာ အဓိကအားဖြင့် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့်ဖြစ်သည်။ သို့သော် ထိုင်း၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများ အပါအဝင် အာဆီယံဒေသတွင်း အခြားနေရာများတွင်လည်း အထူးသတိထားဖွယ်ရာ အဖြစ်အပျက်များ ဖြစ်ပေါ် ခဲ့သည်ဟု APHR ကပြောသည်။ အစီရင်ခံစာထဲတွင် အသေးစိတ်ဖော်ပြထားခြင်း မရှိသော်လည်း ကမာ့ဘဒီးယားနိုင်ငံတွင်လည်း အတိုက်အခံအမတ်များကို ပစ်မှတ်ထားတိုက်ခိုက်မှုများရှိခဲ့သည်။

*"ဒီနှစ်ဟာလဲ အာဏာရှင်စနစ်ရဲ့ ပိုမိုတင်းတင်းကြပ်တဲ့ ချုပ်ကိုင်မှုအောက်ရောက်ရခြင်း၊ ရွေးကောက်ခံအမတ်တွေ အထူးသဖြင့် အခြေခံလိုအပ်ချက်၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအတွက် ရပ်တည်ပေးကြတဲ့ အမတ်တွေ ပြင်းပြင်း ထန်ထန် ပစ်မှတ်ထားခံရတာတွေကြောင့် အရှေ့တောင်အာရှနိုင်ငံ လူ့အခွင့်အရေးအခြေအနေအတွက် အမှောင်လွှမ်းတဲ့ နှစ်တစ်နှစ် ထပ်ဖြစ်ခဲ့ပြန်ပါတယ်"* ဟု APHR ၏ဘုတ်အဖွဲ့ဝင် ဖိလစ်ပိုင်လွှတ်တော်အမတ် ဟောင်း ထက်ဒီ ဘဂီလက် ဂျူနီယာ ကပြောသည်။ *"မြန်မာနိုင်ငံမှာ နိုင်ငံရေးအတိုက်အခံတွေက စစ်အုပ်စုရဲ့ တိုက်ခိုက်မှုကို ခံနေရတာကြောင့် မြန်မာနိုင်ငံကအဖြစ်အပျက်တွေက အထူးသဖြင့် ပြဿနာပိုကြီးပါတယ်။ ဒါပေမယ့် အခြားနေရာမှာလည်း စိုးရိမ်ဖွယ်ရာတွေ ရှိနေပါတယ်။ အစိုးရတွေက ကိုဗစ် - ၁၉ ကို အသုံးချပြီး အတိုက်အခံအမတ်တွေပေါ် ဖိနှိပ်ကြတာ၊ ဒီမိုရေစီအတွက်*

*သူတို့ရဲ့အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်တဲ့ စောင့်ကြည့်ထိန်းကြောင်းတဲ့တာဝန်ကို ထိပါးစေတာ စတာတွေလည်းလုပ်ခဲ့ပါတယ်။”*

*“ဒါတင်မကပါဘူး။ အမတ်တွေဟာ ပြည်သူကိုကိုယ်စားပြုရတဲ့ သူတို့တာဝန်ကို သူတို့လုပ်ရုံနဲ့ ဖမ်းဆီးထိန်းသိမ်းခံရပါတယ်။ သူတို့အလုပ် သူတို့လုပ်ရုံနဲ့ကို အမတ်တွေဟာ ခြိမ်းခြောက်ခံနေရရုံသာမက စုပေါင်းကြံစီထားတဲ့ တရားရေးဆိုင်ရာနှောက်ယှက်မှုတွေနဲ့ သတင်းအမှားကန်ပိန်းတွေ စတဲ့နည်းလမ်းတွေအသုံးပြုပြီး နာမည်ဖျက်ခံရတာတွေ နှုတ်ဆိတ်သွားအောင် လုပ်ခံရတာတွေ ကြုံတွေ့နေရတာကို တွေ့ရပါတယ်”* ဟု ဘဂီလက် ကပြောသည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ ကပ်ဘေးကြီးအတွင်း ကျရောက်နေချိန်တွင် နိုင်ငံရေးအတိုက်အခံများ အထူးသဖြင့် ၂၀၂၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အဖွဲ့ဝင်များသည် အကြီးမားဆုံး ပစ်မှတ်ထားခံနေရသူများ ဖြစ်ကြသည်။ စစ်အုပ်စုသည် ပြည်ထောင်စုအဆင့်သာမက ပြည်နယ်အဆင့် လွှတ်တော်အားလုံးကို ရပ်ဆိုင်းခဲ့ပြီး ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ခံ အမတ်များကို တည်ဆဲဥပဒေအရသော်လည်းကောင်း အခြေခံဥပဒေအရသော်လည်းကောင်း ဖြေရှင်းချက်မရှိပဲ တာဝန်မှ ဖယ်ရှားခဲ့သည်။ လွှတ်တော်အမတ် အနည်းဆုံး (၉၀) ခန့် ဖမ်းဆီးခြင်း သို့မဟုတ် အကျယ်ချုပ်ချခြင်း ခံထားရဆဲဖြစ်ပြီး အများအပြားမှာ အလားတူအဖြစ် မကြုံရအောင် လွတ်မြောက်ရာသို့ ထွက်ပြေးပုန်းရှောင်နေရသည်။

*“၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို ပြည်သူတွေဆီက ဖယ်ရှားရုံနဲ့ မကြေနပ်နိုင်ပဲ မြန်မာစစ်အုပ်စု ခေါင်းဆောင်တွေဟာ လွှတ်တော်ကိုဖျက်သိမ်းတာ၊ ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ထားတဲ့ အမတ်တွေနဲ့ ဖွဲ့စည်းထားအုပ်စုတွေကို “တရားမဝင်” အဖြစ် ကြေညာတာ၊ အခြေအမြစ်မရှိဆုံး စွပ်စွဲချက်တွေနဲ့ အမတ် (၁၀၀) နီးပါးကို ထောင်ချတာ စတာတွေလုပ်ပြီး အာဏာသိမ်းမှုကို ဖြေရှင်းချက်ပေးဖို့ ကြိုးစားလာခဲ့ပါတယ်”* ဟု APHR ရဲ့ ဥက္ကဌဖြစ်သူ မလေးရှားလွှတ်တော်အမတ် ချားလ်စန်တီရေဂိုက ပြောပါတယ်။ *“ပြီးခဲ့တဲ့နှစ်အတွင်းမှာ မြန်မာပြည်သူတွေဟာ သူတို့ရဲ့ ကိုယ်စားလှယ်တွေက ဘယ်သူလဲဆိုတာကို ၂၀၂၀ ရွေးကောက်ပွဲမှာ ပြတ်ပြတ်သားသား ရွေးချယ်ပြီး ပြသခဲ့ပြီး ဖြစ်ပါတယ်။ အာဆီယံအပါအဝင် နိုင်ငံတကာ အစုအဖွဲ့တွေဟာ မြန်မာစစ်တပ်ကို အပြင်းထန်ဆုံးရှုတ်ချပြီး လွှတ်တော်အမတ်တွေအပါအဝင် အာဏာသိမ်းပြီးနောက်ပိုင်း*

*တရားလက်လွတ် ဖမ်းဆီးခံထားရသူတွေအားလုံး ပြန်လွှတ်ပေးဖို့နဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်ဖို့အတွက် တောင်းဆိုမှု ပြုလုပ်ပေးရမှာဖြစ်ပါတယ်။”*

မြန်မာနိုင်ငံ အခြေနေများက ခေါင်းစီးသတင်းဖြစ်နေချိန်တွင် အခြားအရှေ့တောင်အာရှနိုင်ငံများတွင်လည်း အမတ်များသည် အန္တရာယ်အတွင်းကျရောက်နေပြီး မလေးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့တွင် ပိုမိုသိသာသည်ဟု APHR ကပြောသည်။

လွန်ခဲ့သော ဇန်နဝါရီလအတွင်း မလေးရှားနိုင်ငံတွင် ထိုအချိန်က ဝန်ကြီးချုပ်မူရက်ဒင်ယက်ဆင် အစိုးရသည် ကိုဗစ် - ၁၉ ကပ်ဘေးကို အသုံးချ၍ နိုင်ငံတော်အရေးပေါ်အအခြေအနေ ကြေညာခဲ့ကာ လွှတ်တော်ကို (၇) လကျော်ကြာ ရပ်ဆိုင်းထားခဲ့သည်။ အတိုက်အခံများကို ပစ်မှတ်ထားဖြိုခွင်းမှုများ ပိုမိုကြီးထွားလာခဲ့ပြီး

ထိုသို့ဖြိုခွင်းခံရသူများထဲတွင် အတိုက်အခံပါတီ နိုင်ငံရေးသမားများလည်း ပါဝင်ခဲ့သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် သို့မဟုတ် လွှတ်တော်ယာယီရပ်ဆိုင်းခြင်းအပေါ် ဝေဖန်မှုပြုလုပ်ခဲ့သော  လွှတ်တော် အမတ် (၁၀) ဦးထက်မနည်း စစ်ကြောခြင်း သို့မဟုတ် အရေးယူခြင်း ခံခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၂ အထွေထွေရွေးကောက်ပွဲအကြိုကာလ သတင်းမှားဖြန့်ဝေခြင်းကန်ပိန်းများ၊ ခြိမ်းခြောက်ခြင်းနှင့် အတိုက်အခံအမတ်များအား “red-tagging” ပြုလုပ်ခြင်းများသည် စိုးရိမ်ဖွယ်အခြေအနေထိ မြင့်တက်လာခဲ့သည်။ သမ္မတ ရော်ဒရီဂိုဒူတာတေးနှင့် အခြားအကြီးပိုင်းအရာရှိများသည် လက်ဝဲအမတ်များက ကွန်မြူနစ် လက်နက်ကိုင်ပုန်ကုန်မှုကို ထောက်ပံ့သည်ဟူသည့် အခြေအမြစ်မရှိသောစွပ်စွဲမှုများ ပြုလုပ်ခဲ့သည်။ အမတ် လိုင်လာဒီလိုင်မာ သည်အကျဉ်းချခံထားရဆဲဖြစ်ပြီး ယခုလို တရားလက်လွတ် ဖမ်းဆီးခံထားရသည်မှာ (၅) နှစ်နီးပါး ရှိပြီဖြစ်သည်။

တစ်ချိန်ထဲတွင် ထိုင်းနိုင်ငံတွင်လည်း အစိုးရနှင့်၎င်း၏မဟာမိတ်များသည် Move Forward Party (MFP) အမတ်များကို အမှုဆင်ခြောက်ချမှုများ ဆက်လက်ပြုလုပ်နေလျက်ရှိသည်။ ၎င်းအမတ်များသည် အစိုးရနှင့် ပတ်သက်သောသူများ၏ စနစ်တကျ စုပေါင်းကြံစည်ထားသည့် “သတင်းအချက်အလက်စစ်ဆင်ရေး” များကြောင့် အွန်လိုင်းပေါ်တွင်နှောက်ယှက်တိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ခံနေရသည်။

APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

"အမတ်တစ်ဦးကိုတိုက်ခိုက်တာဟာ ဒီမိုကရေစီကို တိုက်ခိုက်တာပါပဲ။ အမတ်တွေကို စနစ်တကျ နှောက်ယှက် တိုက်ခိုက်တာဟာ အွန်လိုင်းဖြစ်စေ၊ အပြင်မှာဖြစ်စေ၊ တရားရေးအရဖြစ်စေ ဘယ်နည်းနဲ့မဆိုဖြစ်စေ သူတို့အလုပ် လုပ်လို့မရအောင် ပြည်သူ့ကိုယ်စား စောင့်ကြည့်တည့်မှတ်မှု လုပ်လို့မရအောင် ပိတ်ပင်တာပါပဲ" ဟု ဘဂီလက်ဂျူနီယာ ကပြောသည်။ "ဒီမိုကရေစီမှာ အမတ်တွေရဲ့ အခန်းကဏ္ဍက မရှိမဖြစ် အရေးကြီးပါတယ်။ အထူးသဖြင့် လွန်ခဲ့တဲ့ (၂) နှစ်အတွင်း ကပ်ဘေးကြုံရချိန်လို ကာလမျိုး ဒါမှမဟုတ် ဖိလစ်ပိုင်နဲ့ ကမော္ဘဒီးယား နိုင်ငံမှာလို ရွေးကောက်ပွဲအကြိုကာလမျိုးမှာ ပိုပြီးအရေးကြီးပါတယ်။"

"ဒီမိုကရေစီ တိုက်ခိုက်ခံနေရကြောင်း တွေ့မြင်နေရချိန်မှာ ဒီမိုကရေစီကာကွယ်ရေး လုပ်ဆောင်နေသူတွေအနေနဲ့ ပူးပေါင်းပြီး စုစည်းအသံထုတ်ဖော်မှ ဖြစ်မှာပါ။ အရှေ့တောင်အာရှနိုင်ငံ အစိုးရတွေအနေနဲ့ အမတ်တွေအားလုံးရဲ့ လူ့အခွင့်အရေးကို အစွမ်းကုန်ကာကွယ်ပေးဖို့နဲ့ လွှတ်တော်အမတ်တွေအနေနဲ့လည်း ချိုးဖောက်မှုတွေ ကြုံရတိုင်း ထုတ်ဖော်ပြောဆိုကြဖို့ ကျွန်တော်တို့တောင်းဆိုပါတယ်" ဟု ဘဂီလက်က ပြောသည်။